Australian Government

Job Services Australia
people • skills • jobs

# လုပ်ငန်းခွင် အတွေ့အကြုံ

လုပ်ငန်းခွင် အတွေ့အကြုံ (Work Experience) က သင့် အလုပ်နှင့်ဆိုင်သော ကျွမ်းကျင်မှုများအပေါ်တွင် တိုးတက်မှု တည်ဆောက်သွားရန် အခွင့်အရေးရစေပြီး အလုပ်ရရှိရေး အခွင့်အလမ်းလည်း ပိုမိုလာစေသည်။

Work Experience လုပ်ငန်းခွင် အတွေ့အကြုံရှာသည့် လုပ်ဆောင်မှုများက သင်၏ လူမှုပတ်ဝန်းကျင်ကို လက်တွေ့ကျကျ ဆက်သွယ်နိုင်သည့် နည်းများကိုငင်း၊ သင်၏ အလုပ်ရှင်ဖြစ်ရန် အလားအလာရှိသူများကိုလည်း သင့် အရည်အချင်းကို ပြသနိုင်ရန်ငင်း ပံ့ပိုးပေးနိုင်ပါလိမ့်မည်။

လုပ်ငန်းခွင် အတွေ့အကြုံရယူခြင်းက သင့်ကို အောက်ဖေါ်ပြပါ အချက်များတွင်ကူညီနိုင်ပါမည် -

- အလုပ်လုပ်ရင်းနှင့် သင့်ကျွမ်းကျင်မှုတိုးတက်လာစေရန်၊
- အလုပ်ရှင်ဖြစ်လာနိုင်သူများကို သင့်စွမ်းဆောင်နိုင်သည့် အရည်အချင်းများပြသရန်၊
- အလုပ်အတွက် ထောက်ခံစာများရရန်၊
- အလုပ်နှင့်ဆိုင်သော အဆက်အသွယ်အသစ်များတွေ့ရန်၊
- အစီအစဉ်ချထားသော လေ့ကျင့်ရေးသင်တန်းများတွင် ပါဝင်ရန်၊
- လုပ်ငန်းနှင့် ဆက်လက် ဆက်သွယ်မှုရှိနေစေရန်၊

Work Experience တွင် အချိန်မရွေး သင် ပါဝင်ဆောင်ရွက်နိုင်သည်။ အကယ်၍သင်သည် အလုပ်လက်မဲ့အဖြစ် ၁၂ လ ကြာရှိနေပါက သင်၏ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်ငင်း၊ လုပ်ငန်းခွင်နှင့်ဆင်တူသော ပတ်ဝန်းကျင်များတွင် အတွေ့အကြုံ ရရှိစေရန်အတွက်ငင်း၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော Work Experience လုပ်ဆောင်မှု များတွင် သင်ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါမည်။ သင်၏ ဩစတြေးလျားနိုင်ငံ အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှု (Job Services Australia) မှ ဝန်ဆောင်မှုပေးသူက သင် မည်သည့်အချိန်တွင် Work Experience လုပ်ဆောင်မှု စတင်ရန် လိုအပ်မည်ကို အသိပေးပါလိမ့်မည်။

အကယ်၍သင်သည် ဖေါ်ပြခဲ့သော အချက်အလက်များထဲမှ တစ်ခုခုကိုမျှ ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့လျှင် သင့်အနေနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ အိမ်ခြေရာမဲ့ဖြစ်နေခြင်း၊ သို့မဟုတ် တစ်ဦးခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ စသည့် အလုပ် ရရှိရန် အတားအဆီးဖြစ်နေသည့် အခြားသောအချက်များကို ကျော်လွှားနိုင်စေမည့် အစီအစဉ်များ သို့မဟုတ် ဝန်ဆောင်မှု များတွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါမည်။ အကယ်၍ သင်သည် ထိုဝန်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်နေပြီဆိုပါက နောက်ထပ် Work Experience ဆိုင်ရာ လုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်ရန် မလိုအပ်ပါ။

Work Experience လုပ်ငန်းခွင် အတွေ့အကြုံရှာခြင်းတွင် သင်၏လုပ်ဆောင်မှုများကို ပူးတွဲ လုပ်ဆောင် နိုင်ပါသည်။ သင့်အနေနှင့် သင်၏ အခြားသော မဖြစ်မနေ လုပ်ဆောင်ရမည့် ကိစ္စရပ်များ၊ ဥပမာ၊ ပညာသင်ကြားခြင်း၊ အချိန်ပိုင်း သို့မဟုတ် ယာယီ အလုပ်လုပ်ခြင်း၊ သို့မဟုတ် မိဘဖြစ်သူအနေနှင့် တာဝန်ဝတ္တရားများကိုဆောင် ရွက်ခြင်း ကဲ့သို့သော ကိစ္စရပ်များအတွက်လည်း အဆင်ပြေသော အချိန်များကိုရွေးပြီး ဆောင်ရွက်နိုင်ပါသည်။

အစုအဖွဲ့လိုက်လုပ်ဆောင်ရသော လုပ်ဆောင်မှုတွင်ပါဝင်ခြင်း၊ သို့မဟုတ် လက်ခံကူညီသည့် အဖွဲ့အစည်းတစ်ခုခုတွင် Work Experience မိမိတစ်ဦးတည်း သီးသန့် လုပ်ငန်းခွင်အတွေ့အကြုံရယူခြင်း အပါအဝင် ပြောင်းလွယ် ပြင်လွယ်ရှိသော ရွေးချယ်နိုင်စရာ နည်းလမ်းများရှိပါသည်။

လုပ်ဆောင်မှုများတွင် အောက်ဖေါ်ပြပါအချက်များ ပါဝင်နိုင်ပါသည် -

- ထောက်ပံ့ကြေးရနိုင်ရန်အတွက် အလုပ်လုပ်ပေးရခြင်း (Work for the Dole) ဆောင်ရွက်မှုများ (အချိန်ပြည့် Work for the Dole လုပ်ဆောင်မှုများ အပါအဝင်)၊
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်း (Green Corps) ၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်မှုများ၊
- ကုန်ထုတ်စွမ်းအားတိုးတက်လာရေး နေရာများ အစီအစဉ် (Productivity Places Program) သို့မဟုတ် အခြားသော အသိအမှတ်ပြု အသက်မွေးဝမ်းကြောင်းဆိုင်ရာ လေ့ကျင့်ရေးသင်တန်းများတွင် အချိန်ပိုင်း ပညာသင်ခြင်း၊
- အချိန်ပိုင်း သို့မဟုတ် ယာယီ အလုပ်လုပ်ခြင်း၊
- လုပ်ငန်းခွင် အတွေ့အကြုံရှာခြင်းဆိုင်ရာ လစာမဲ့ အလုပ် (Unpaid Work Experience Placement) လုပ်ဆောင်ခြင်းများ၊
- လူမှုအဖွဲ့အစည်းအတွင်း စေတနာ့ဝန်ထမ်းအလုပ် (Voluntary Work) လုပ်ပေးခြင်းများ၊
- လူမှုဝန်ထမ်း လုပ်ငန်းတစ်ခုခုတွင် လစာမဲ့ သို့မဟုတ် လစာဖြင့် အလုပ်လုပ်ခြင်း၊
- မိုးခေါင်ရေရှား အကူအညီ ဝန်ထမ်းအဖွဲ့ (Drought Force) တွင် ပါဝင်ဆောင်ရွက်ခြင်း၊
- တပ်မတော်၏ အရန်တပ်ဖွဲ့ (Defence Force Reserves) တွင် ပါဝင်ခြင်း၊
- ဩစတြေးလျားနိုင်ငံ အစိုးရ သို့မဟုတ် ပြည်နယ် သို့မဟုတ် ဒေသအစိုးရအဖွဲ့များ၏ စီမံချက်များ သို့မဟုတ် (လိုအပ်လျှင်) ဝန်ဆောင်မှုများဖြင့် ကြီးကြပ်ဆောင်ရွက်သော အသက်မွေးဝမ်းကြောင်းဆိုင်ရာ မဟုတ်သော အခက်အခဲ အတားအဆီးများကို အဓိကထားသည့် လုပ်ငန်းဆိုင်ရာ သို့မဟုတ် လေ့ကျင့်ရေးသင်တန်းဆိုင်ရာ အစီအစဉ်များ၊
- အလုပ်ရရှိရေးအတွက် ပိုမိုအလားအလာရှိသော နေရာသို့ပြောင်းရွှေ့ပြီး၊ အလုပ်ရှာဖွေမှုကို ဖိဖိစီးစီး လုပ်ဆောင်ခြင်း၊

သင့်မြို့နယ်အတွင်း ရွေးချယ်ဆောင်ရွက်နိုင်သည့် အမျိုးမျိုးသော လုပ်ဆောင်မှုများအကြောင်းကို ဆွေးနွေးရန်အတွက် သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူနှင့် သင် တွေ့ရပါမည်။ ဤသို့ တွေ့ဆုံသည့်နေ့မှစ၍ သင် Work Experience လုပ်ဆောင်ခြင်းသို့မဟုတ် လုပ်ဆောင်မှုအများကို စု၍လုပ်ဆောင်ခြင်းကို ရွေးချယ်ရန် အတွက် သင် ခြောက်ပါတ်ကြာ အချိန်ရသည်။ အကယ်၍ လုပ်ဆောင်မှုတစ်ခုခုကိုမျှ သင်မရွေးချယ်ပါက သင်၏ ဩစတြေးလျားနိုင်ငံ အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုမှ ဝန်ဆောင်မှုပေးသူက သင့်ကို Work for the Dole သို့မဟုတ် Green Corps ဆိုင်ရာ လုပ်ဆောင်မှု တစ်ခုခုတွင်ပါဝင်ရန် ထည့်ပါလိမ့်မည်။ အကယ်၍သင်သည် အဆိုပါ လုပ်ဆောင်မှုများတွင် ပါဝင်နိုင်ရန် လိုအပ်ချက် ပြည့်မီခြင်းမရှိပါက သင့်ကို အခြားသောလုပ်ဆောင်မှု တစ်ခုခုတွင် ထည့်ပါလိမ့်မည်။

## မည်သူတွေ ပါဝင်ဆောင်ရွက်နိုင်သလဲ?

Job Services Australia ဝန်ဆောင်မှုပေးသူနှင့် အကြမ်းဖျဉ်း ၁၂ လခန့် ကြာခဲ့ပြီဖြစ်သော၊ အသက် ၁၈ နှစ်နှင့် အသက် ၄၉နှစ် အကြားတွင်ရှိသော ဝန်ဆောင်မှုရနေသူများသည် Job Services Australia ဝန်ဆောင်မှုပေးသူထံမှ နောက်ထပ် ၁၂ လတာ ဝန်ဆောင်မှု ရတိုင်းရတိုင်း Work Experience Activity တွင်ငင်း၊ သို့မဟုတ် လုပ်ဆောင်မှုများကို တွဲလုပ်ဆောင်ခြင်းကိုငင်း၊ ၂၆ ပါတ်ကြာ ဆောင်ရွက်ပေးရမည်ဖြစ်သည်။

5FS09446JSA/burmese

အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီပါက သင့်အနေနှင့် လုပ်ဆောင်ပေးရန်မလိုအပ်ပါ -

- အလုပ်ရှာဖွေမှုစစ်ဆေးခြင်း (Activity Test) သို့မဟုတ် အလုပ်ပါဝင်ဆောင်ရွက်ပေးရခြင်းမှ ကင်းလွတ်ခွင့်ပြုထားလျှင်၊
- အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်းဖြစ်လျှင်၊
- အကျဉ်းသားအဖြစ်မှ လွတ်ရန်အတွက် ကြိုတင်လွှတ်ထားခံရသူ၊
- အသက် ၅၀ နှစ်နှင့်အထက် (သင်သည် အချိန်ပြည့် Activity Test လိုအပ်သော အသက် ၅၀ နှစ်နှင့် ၅၉ နှစ် ကြားတွင်ရှိပြီး သင်၏ ဝန်ဆောင်မှုပေးသူကလည်း သင်သည် အချိန်ပြည့် Work for the Dole အစီအစဉ်ဖြင့် အကျိုးရှိနိုင်မည်ဟု ယုံကြည်နေခြင်းမှအပ)၊

မည်သို့ပင်ဆိုစေကာမူ၊ Job Services Australia ဝန်ဆောင်မှုပေးသူရှိနေသော မည်သူမဆို၊ ထောက်ပံ့ငွေလည်း ရရှိနေပါက Job Services Australia ဝန်ဆောင်မှုပေးသူ၏ သဘောတူညီချက် ရယူပြီး Work Experience လုပ်ဆောင်မှု တစ်ခုခုတွင် စေတနာ့ဝန်ထမ်း ပါဝင်ဆောင်ရွက်သင့်ပါသည်။

အလုပ်ကို ဖိဖိစီးစီးရှာဖွေနေခြင်း (Intensive Activity) သို့မဟုတ် လိုအပ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက် နေခြင်း (Compliance Activity) ကို ပြီးစီးသည်အထိ ဆောင်ရွက်နေရသူများသည် Work Experience လုပ်ငန်းခွင် အတွေ့အကြုံရှာခြင်းဖြင့်-လည်း ဆောင်ရွက်နိုင်ပါသည်။ Job Services Australia ဝန်ဆောင်မှုပေးသူက သင် Intensive Activity သို့မဟုတ် Compliance Activity တွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်အခါ သင့်ကိုပြောပါလိမ့်မည်။

# သင့်တာဝန်ဝတ္တရားများ

အကယ်၍သင်သည် Newstart, လူငယ်ထောက်ပံ့ကြေး (Youth Allowance) သို့မဟုတ် မိဘများကို ပေးသည့် ထောက်ပံ့ကြေး (Parenting Payment) ရရှိနေပြီး ထောက်ပံ့ကြေးရရန် လိုအပ်ချက်များကို ဆောင်ရွက်ရသူဖြစ်ပါက သင် အလုပ်ရှာရန်လိုအပ်ပြီး သင်အလုပ်ရရှိရေးအတွက် လုပ်ဆောင်ရန် လိုအပ်သည်များကို ပြုလုပ်ရမည် ဖြစ်သည်။

သင့်အား Job Services Australia ဝန်ဆောင်မှုပေးသူက သင်နှင့်ဆိုင်သော အချက်အလက်များကို စဉ်းစားပြီး သင်နှင့်ကိုက်ညီသော အလုပ်များကို သင်၏ Employment Pathway Plan ထဲတွင် ထည့်သွင်းရန် သင်နှင့် ညှိနှိုင်းဆွေးနွေးမည်။

အကယ်၍သင်သည် မိမိပါဝင်လုပ်ဆောင်ရမည်များကို မလုပ်ဆောင်နိုင်ခဲ့လျှင် သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူ နှင့် ဆွေးနွေးသင့်သည်။ အကယ်၍ သင်သဘောတူထားသည့် လုပ်ဆောင်ရမည်များကို လုပ်ဆောင်ရန် ပျက်ကွက်ပါက သင့်ထောက်ပံ့ကြေးများကို ထိခိုက်နိုင်ပါသည်။

# သင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံမှု

သင့်ကိုယ်ရေးကိုယ်တာအချက်အလက်များကို *ကိုယ်ရေးကိုယ်တာအချက်အလက်များဆိုင်ရာ လုံခြုံမှု အက် ဥပဒေ ၁၉၈၈ (Privacy Act 1988)* ဖြင့် အကာအကွယ်ပေးထားပြီး သင့်အကြောင်းကိုလည်း *လူမှုဖူလုံရေးဆိုင်ရာ (အုပ်ချုပ်မှု) ဥပဒေ ၁၉၉၉ (Social Security (Administration) Act 1999)* ဖြင့် ကာကွယ်ထားနိုင်ပါသည်။ (ဥပမာ၊ သင် ဝင်ငွေဆိုင်ရာထောက်ပံ့ကြေး ရနေ၊ မနေ) သင် နှင့်ဆိုင်သောအချက်အလက်များကို သင့်လိုအပ်ချက်များအား အဖွဲ့အစည်းများမှ အသင့်တော်ဆုံး ဖြည့် ဆီးပေးနိုင်ရန်အတွက် Job Services Australia ဝန်ဆောင်မှုပေးသူများ၊ Department of Education, Employment and Workplace Relations (DEEWR), Centrelink နှင့် အခြားသော ဩစတြေးလျားနိုင်ငံ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် အချက်အလက်များ ဖလှယ် အသုံးပြုနိုင်သည်။

သင့်ကိုယ်ရေးကိုယ်တာ အချက်အလက်များဆိုင်ရာ လုံခြုံမှုနှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူ သို့မဟုတ် DEEWR ကိုမေးပါ။ သို့မဟုတ် **privacy.gov.au** တွင် ဖတ်ကြည့်ပါ။

# ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအတွက် အာမခံခြင်း

## ဝန်ဆောင်မှုအတွက် အာမခံခြင်း

သင့် တစ်ဦးခြင်းလိုအပ်ချက်နှင့် ကိုက်ညီသော ဝန်ဆောင်မှုကို သင့် Job Services Australia ဝန်ဆောင်မှုပေးသူထံမှ စဉ်ဆက်မပြတ် ရနေမည်ဖြစ်သည်။ ဤဝန်ဆောင်မှုများသည် သင့်လက်ရှိနှင့် နောက်ခံအခြေအနေကို အရေးထားပါသည်။ ဝန်ဆောင်မှုဆိုင်ရာ အာမခံခြင်းများအားလုံးကို သင့်အနေနှင့် ဖတ်ကြည့်လိုပါက **deewr.gov.au/jobservicesaustralia** တွင် ကြည့်ပါ။

## လုပ်ငန်းဆိုင်ရာကျင့်ဝတ်

Job Services Australia ဝန်ဆောင်မှုပေးသူများသည် ဩစတြေးလျားနိုင်ငံအစိုးရမှ ထောက်ပံ့သော အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ရန် ကန်ထရိုက်ရထားသူများ ဖြစ်ကြပြီး အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုများ၏ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာရန်နှင့် ကျင့်သုံးရန် အတွက် သဘောတူထားကြသူများဖြစ်သည်။ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များအကြောင်း ဖတ်ကြည့်လိုပါက **deewr.gov.au/jobservicesaustralia** တွင် ဖတ်ပါ။

# ပိုမိုသိလိုပါက

**13 17 64** ကို ဆက်သွယ်ပါ၊ သို့မဟုတ်
**deewr.gov.au/jobservicesaustralia** တွင် ဖတ်ပါ။